VERMONT
DEPARTMENT OF HEALTH

အရေးကြီးမှတ်တမ်းများရုံး
ဗားမောင့် ကျန်းမာရေးဦးစီးဌာန
108 ချယ်ရီလမ်း၊ PO Box 70
Burlington၊ VT 05402-0070
802-863-7275 သို့မဟုတ် 800-439-5008 (VT ဖြင့်သာ)

# မိဘအုပ်ထိန်းခွင့် ငြင်းပယ်ခြင်း

စာရိုက်ပေးပါ သို့မဟုတ် ရှင်းလင်းစွာဖြင့် ရေးသားပေးပါ

| | | |
|---|---|---|
| ကလေး | 1. ကလေး၏အမည် (အရှေ့ အလယ်၊ နောက်ဆုံး၊ နောက်ဆက်တွဲ) | 2. မွေးသက္ကရာဇ် (လ/ရက်/နှစ်) |
| | 3. မြို့ သို့မဟုတ် မြို့တော်၊ နိုင်ငံနှင့် မွေးဖွားရာပြည်နယ် | |
| မိဘ ကလေးမွေးဖွားထားသည့် | 4. မိဘဖြစ်ရန်ရည်ရွယ်သူ၏ လက်ရှိတရားဝင်အမည် (အမည်ပထမစာလုံး၊ အလယ်စာလုံး၊ နောက်ဆုံးစာလုံး၊ နောက်ဆက်တွဲအမည်) | 5. လူမှုဖူလုံရေးနံပါတ် |
| | 6. မွေးသက္ကရာဇ် (လ/ရက်/နှစ်) | 7. မွေးဖွားသည့်နေရာ (ပြည်နယ်၊ ခရိုင် သို့မဟုတ် ပြည်ပတိုင်းပြည်) |
| | 8. နေရပ်လိပ်စာ (လမ်းနှင့်နံပါတ်၊ မြို့တော်/မြို့ ပြည်နယ်၊ စာပို့ကုဒ်) | |
| မိဘ ကိုက်ညီသည် ဟုယူဆရသည့် ကလေးနှင့်. သို့မဟုတ်. မိဘ ကလေးအုပ်ထိန်းခွင့်ရရှိထားသည့် | အထက်ဖော်ပြပါ ကလေးအတွက် မိဘ၏အခွင့်အရေးနှင့် တာဝန်ဝတ္တရားများအားလုံးကို ဖယ်ရှားပေးရန် ဆန္ဒအလျောက်မိဘအုပ်ထိန်းမှုအသိအမှတ်ပြုခြင်း (VAP)ပုံစံနှင့် အတူ ဤပုံစံကို ပြီးမြောက်အောင်ဖြည့်စွက်၍ ဗားမောင့်ကျန်းမာရေးဦးစီးဌာန၏အရေးကြီးမှတ်တမ်းများရုံးသို့ တင်ပြပါ။<br>ဤပုံစံကိုမှတ်ပုံတင်ခြင်းအားဖြင့် VAP တွင် တရားဝင်ရေးသားဖော်ပြထားသော မိဘနှင့် အောက်တွင်ရေးသားဖော်ပြထားသော ကလေးအုပ်ထိန်းခွင့်ရရှိထားသည့်မိဘသို့မဟုတ် ကလေးနှင့်မျိုးရိုးဗီဇကိုက်ညီသည် ဟုယူဆရသည့်မိဘကိုဖယ်ရှား၍ အစားထိုးမည်ဖြစ်သည်။ | |
| | 9. မိဘအဖြစ်အုပ်ထိန်းခွင့်ရရှိထားသူ သို့မဟုတ် ကလေးနှင့်မျိုးရိုးဗီဇကိုက်ညီသည့်မိဘဖြစ်သူ၏ လက်ရှိတရားဝင် နာမည် (အရှေ့ အလယ်၊ နောက်ဆုံး၊ နောက်ဆက်တွဲ) | 10. လူမှုဖူလုံရေးနံပါတ် |
| | 11. မွေးသက္ကရာဇ် (လ/ရက်/နှစ်) | 12. မွေးဖွားသည့်နေရာ (ပြည်နယ်၊ ခရိုင် သို့မဟုတ် ပြည်ပတိုင်းပြည်) |
| | 13. နေရပ်လိပ်စာ (လမ်းနှင့်နံပါတ်၊ မြို့တော်/မြို့ ပြည်နယ်၊ စာပို့ကုဒ်) | |

| မိဘ ကိုက်ညီသည် ဟုယူဆရသည့် ကလေးနှင့်. သို့မဟုတ်. မိဘ ကလေးအုပ်ထိန်းခွင့်ရရှိထားသည့် | **ငြင်းပယ်ကြောင်းကြေညာချက်** | |
|---|---|---|
| | ကနဦးလုပ်ဆောင်ရမည့်အရာများ | ကလေးအုပ်ထိန်းခွင့်ရရှိထားသည့် သို့မဟုတ် ကလေးနှင့်မျိုးရိုးဗီဇကိုက်ညီသည် ဟုယူဆရသည့်မိဘသည် မိဘအုပ်ထိန်းခွင့် ပိတ်ပင်ခြင်းကို တရားဝင်စေရန်အတွက် ကနဦးလုပ်ဆောင်ရမည့်အရာများ အောက်ပါကြေညာချက်တစ်ခုစီကို ကနဦးအနေဖြင့်လုပ်ဆောင်ရပါမည်။ |
| | | ကျွန်ုပ်သည် ပေးထားသည့် ညွှန်ကြားချက်များ၊ ဥပဒေကြောင်းအရ အကျိုးဆက်များနှင့် ငြင်းပယ်ခြင်းကို လက်မှတ်ရေးထိုးခြင်းမှ ဖြစ်ပေါ်လာသည့် အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများကို ဖတ်ရှုနားလည်ပြီးဖြစ်ပါသည်။ |
| | | လက်မှတ်မထိုးမီတွင် ကျွန်ုပ်အနေဖြင့် ရှေ့နေနဲ့ ဆွေးနွေးပြောကြားခွင့်ရှိကြောင်းကိုနားလည်ပါသည်။ |
| | | တရားဝင် ဆန္ဒအလျောက်မိဘအုပ်ထိန်းမှုအသိအမှတ်ပြုခြင်းနှင့်အတူ၊ ဤငြင်းပယ်ခြင်းသည် ကလေးအုပ်ထိန်းခွင့်ရရှိထားသည့် သို့မဟုတ် ကလေးနှင့်မျိုးရိုးဗီဇကိုက်ညီသည်ဟုယူဆရသည့်မိဘ ဖြစ်သူသည် မိဘမဟုတ်ကြောင်းဆုံးဖြတ်ချက်နှင့် တူညီပြီး ကလေးအုပ်ထိန်းခွင့်ရရှိထားသည့် သို့မဟုတ် ကလေးနှင့်မျိုးရိုးဗီဇကိုက်ညီသည် ဟုယူဆရသည့်မိဘဖြစ်သူသည် မိဘတစ်ယောက်၏ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများကို စွန့်လွှတ်လိုက်ကြောင်းကို ကျွန်ုပ် နားလည်ပါသည်။ |
| | | အထက်တွင်ဖော်ပြထားသည့် ကလေး၏ မိဘအဖြစ် ကျွန်ုပ်အား အသိအမှတ်မပြုထားခြင်း သို့မဟုတ် ဆုံးဖြတ်ပေးထားခြင်းမရှိကြောင်း ကျွန်ုပ်ဖော်ပြအပ်ပါသည်။ |
| | | ငြင်းပယ်ခြင်းကို တင်ပြခြင်းလုပ်ဆောင်၍ လက်ခံပြီးနောက်ပိုင်း ရက်ပေါင်း 60 အတွင်း အရေးကြီးမှတ်တမ်းများရုံးသို့ပယ်ဖျက်ခြင်းပုံစံ (Rescission Form)တင်သွင်းခြင်းဖြင့် ဤငြင်းပယ်ခြင်း ကို ပြန်လည်ရုပ်သိမ်းနိုင်သည်ကို ကျွန်ုပ်နားလည်ပါသည်။ |
| | | အသိအမှတ်ပြုခြင်းနှင့် မိဘအုပ်ထိန်းခွင့် ငြင်းပယ်ခြင်းကို ဖြစ်နိုင်ပါက အရေးကြီးမှတ်တမ်းများရုံးသို့ တင်ပြပြီး ရက်ပေါင်း 60 အကြာတွင် မိဘတစ်ဦးအားဖယ်ရှားရန် သို့မဟုတ် ထည့်သွင်းရန်အလို့ငှာ ငြင်းပယ်ခြင်း သို့မဟုတ် အသိအမှတ်ပြုခြင်းကို ပယ်ဖျက်ရန် သို့မဟုတ် စောဒကတက်ရန် တရားရုံး၏ဆုံးဖြတ်ချက်တစ်ခုကို ကျွန်ုပ်အနေဖြင့် မဖြစ်မနေရရှိရပါမည်။ |

| | | |
|---|---|---|
| မိဘ ကိုက်ညီသည် ဟုယူဆရသည့် ကလေးနှင့် သို့မဟုတ်. မိဘ ကလေးအုပ်ထိန်းခွင့်ရရှိထားသည့် | **ငြင်းပယ်ကြောင်းကြေညာချက်** | |
| | ဤမိဘအုပ်ထိန်းမှုငြင်းပယ်ခြင်း (DOP) တွင်ပါရှိသော ထုတ်ပြန် ကြေညာချက်များကို ကျွန်ုပ်ဖတ်ရှုပြီး နားလည်ပါသည်။ ကျွန်ုပ်သိရှိထားပြီးယုံကြည်ထားသည့်အတိုင်း အချက်အလက်များသည်မှန်ကန်ကြောင်းကို ကျွန်ုပ်အနေဖြင့် တရားဝင်ပြောကြားပါသည်။ အတင်းအကြပ်လုပ်ဆောင်ခိုင်းခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် အကျပ်ကိုင်ခြင်းတို့ လုံးဝမရှိဘဲ ကျွန်ုပ်သည် ဤ DOP ကို လက်မှတ်ရေးထိုးနေပါသည်။ | |
| | မိဘအဖြစ်အုပ်ထိန်းခွင့်ရရှိထားသူ သို့မဟုတ် ကလေးနှင့်မျိုးရိုးဗီဇ ကိုက်ညီသည့်မိဘဖြစ်သူ၏ လက်မှတ် | လက်မှတ်ထိုးသည့် ရက်စွဲ (လ/ရက်/နှစ်) |
| သက်သေ | သက်သေ၏လက်မှတ် | လက်မှတ်ထိုးသည့် ရက်စွဲ (လ/ရက်/နှစ်) |

**အရေးကြီးမှတ်တမ်းများရုံးတွင်အသုံးပြုရန်သာ**

**လက်ခံရရှိသည့် ရက်စွဲ–** ______________________

# မိဘအုပ်ထိန်းခွင့်ငြင်းပယ်ခြင်းဆိုင်ရာ မှတ်ချက်များနှင့် ညွှန်ကြားချက်များ

**ကလေးအုပ်ထိန်းခွင့်ရရှိထားသည့် သို့မဟုတ် ကလေးနှင့်မျိုးရိုးဗီဇကိုက်ညီသည်ဟုယူဆရသည့်မိဘဖြစ်သူသည်မိဘအုပ်ထိန်းခွင့်ငြင်းပယ်ခြင်း (DOP) ကို ပြီးမြောက်အောင် ဖြည့်စွက်ပြီးလက်မှတ်ရေးထိုးခြင်းမပြုမီ မှတ်ချက်များနှင့် ညွှန်ကြားချက်များအားလုံးကို ဂရုတစိုက်ဖတ်သင့်ပါသည်။**

မိဘအုပ်ထိန်းခွင့်ငြင်းပယ်ခြင်းပုံစံသည် တစ်ဦးတစ်ယောက်က ဤကလေး၏ မိဘအနေဖြင့် တောင်းဆိုချက်မှန်သမျှကို စွန့်လွှတ်လိုက်ကြောင်းဖော်ပြရန် ကလေးအုပ်ထိန်းခွင့်ရရှိထားသည့် သို့မဟုတ် ကလေးနှင့်မျိုးရိုးဗီဇကိုက်ညီသည် ဟုယူဆရသည့်မိဘ ဖြစ်သူက လက်မှတ်ရေးထိုးထားသည့် တရားဝင်ပုံစံတစ်ခုဖြစ်ပါသည်။ အိမ်ထောင်ရှိသူ သို့မဟုတ် ယခင်အိမ်ထောင်ရှိခဲ့သူ မိဘတစ်ယောက်သည် ၎င်းတို့၏အိမ်ထောင်ဖက် သို့မဟုတ် ယခင်အိမ်ထောင်ဖက်ဟောင်း (မိဘအဖြစ်အုပ်ထိန်းခွင့်ရရှိထားသူ သို့မဟုတ် ကလေးနှင့်မျိုးရိုးဗီဇ ကိုက်ညီသည့်မိဘဖြစ်သူ) သည် ကလေး၏မိဘမဟုတ်ကြောင်းနှင့် ကလေး၏မိဘဖြစ်သူသည် မိဘအဖြစ်အုပ်ထိန်းခွင့်ကို အသိအမှတ်ပြုရရှိလိုကြောင်း တောင်းဆိုလာပါက အိမ်ထောင်ဖက်သည် သက်သေတစ်ဦး၏ ရှေ့မှောက်တွင် မိဘအုပ်ထိန်းခွင့်ငြင်းပယ်ခြင်းပုံစံကို ပြီးမြောက်အောင်ဖြည့်စွက်နိုင်ပါသည်။

တရားဝင်ဖြစ်စေရန်၊ ကလေး၏မိဘနှစ်ပါးစလုံးသည် ဆန္ဒအလျောက်မိဘအုပ်ထိန်းမှုအသိအမှတ်ပြုခြင်း (VAP)ပုံစံကို လက်မှတ်ရေးထိုးရပါမည်။ VAP နှင့် DOP ကို သီးခြားစီ သို့မဟုတ် တပြိုင်နက်တည်း တင်ပြနိုင်သော်လည်း နှစ်ခုစလုံးကို ဗားမောင့် ကျန်းမာရေးဦးစီးဌာန၏ အရေးကြီးမှတ်တမ်းများရုံးသို့ တင်ပြထားခြင်းမရှိပါက ၎င်းတို့သည် အကျုံးဝင်မည်မဟုတ်ပါ။ ဤ DOP သည် မိဘအုပ်ထိန်းခွင့်ကို စွန့်လွှတ်ရန် ကြိုးပမ်းနေသည့် ကလေးအုပ်ထိန်းခွင့်ရရှိထားသည့် သို့မဟုတ် ကလေးနှင့်မျိုးရိုးဗီဇကိုက်ညီသည်ဟုယူဆရသည့်မိဘ ဖြစ်သူက သက်သေတစ်ဦး၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးရမည်။

1. **အရင်အိမ်ထောင်ပြုသည့် သို့မဟုတ် အိမ်ထောင်ပြုခဲ့သည့်မိဘ**

   မိဘတစ်ပါးသည် ကလေးမွေးဖွားပြီးရက် 300 အတွင်း လက်ထက်သည့်အခါ သို့မဟုတ် လက်ထက်ခဲ့သည့်အခါ အိမ်ထောင်ဖက်၏ အမည်သည် အရှင်မွေးလက်မှတ်ပေါ်တွင် ဖော်ပြသင့်ပြီး အောက်ပါအခြေအနေများပါဝင်ပါသည်–

   a. အိမ်ထောင်ဖက်သည် ကလေးနှင့်မျိုးရိုးဗီဇကိုက်ညီသည် ဟုယူဆရသည့်မိဘမဖြစ်နိုင်ပါ။

b. မိဘသည် တရားဝင်လက်ထက်ခဲ့ပါသည်၊ ကလေးကို ကွာရှင်းပြီး ရက်ပေါင်း 300 အတွင်း မွေးဖွားပါသည်၊ (နောက်ဆုံးကွာရှင်းအမိန့်က အိမ်ထောင်ဖက်သည် မိဘအရင်းမဟုတ်ကြောင်းမသတ်မှတ်ခဲ့ပါက)။

## 2. ဆေးရုံတွင် DOP ကို ပြီးမြောက်အောင်ဖြည့်စွက်ပါက –

အရှင်မွေးလက်မှတ်ကို အရေးကြီးမှတ်တမ်းများရုံးသို့မပေးပို့မီ ဤ DOPကို ပြီးမြောက်အောင်ဖြည့်စွက်ပြီး ဆေးရုံသို့ပေးအပ်ပါက မိဘသည် မွေးစာရင်းပေါ်တွင် မိဘအဖြစ် စာရင်းသွင်းမည်ဖြစ်ပါသည်။

## 3. ဆေးရုံတွင် DOP ကို ပြီးမြောက်အောင်မဖြည့်စွက်ပါက

အရှင်မွေးလက်မှတ်ကို အရေးကြီးမှတ်တမ်းများရုံးသို့မပေးပို့မီ ဤ DOPကို ပြီးမြောက်အောင်မဖြည့်စွက်ပါက အိမ်ထောင်ဖက် သို့မဟုတ် အိမ်ထောင်ဖက်ဟောင်း(မိဘအဖြစ်အုပ်ထိန်းခွင့်ရရှိသူ)အား မွေးစာရင်းပေါ်တွင် မိဘအဖြစ် စာရင်းသွင်းမည်ဖြစ်ပါသည်။

## 4. တရားဝင်ကိုးကားချက်များ- 15C V.S.A.၊ အခန်း 1,3 နှင့် 4

- “အသိအမှတ်ပြုခံထားရသည့်မိဘ” ဆိုသည်မှာ အရေးကြီးမှတ်တမ်းများရုံးသို့ ဆန္ဒအလျောက်မိဘအုပ်ထိန်းမှုအသိအမှတ်ပြုခြင်းကို တင်ပြခြင်းဖြင့် မိဘ–ကလေးဆက်ဆံရေးကို အခိုင်အမာသက်သေပြထားသူကို ဆိုလိုသည်။
- “တရားစီရင်ဆုံးဖြတ်၍မိဘအဖြစ်သတ်မှတ်ခံရသူ” ဆိုသည်မှာ ကလေး၏မိဘဖြစ်ရန် အရည်အချင်းပြည့်ဝပြီး တရားစီရင်ပိုင်ခွင့်ရှိသောတရားရုံးတစ်ခုမှ စီရင်ဆုံးဖြတ်ခြင်းခံထား ရသူကိုဆိုသည်။
- “ကလေးနှင့်မျိုးရိုးဗီဇကိုက်ညီသည်ဟုယူဆရသည့်မိဘ” ဆိုသည်မှာ မိဘအုပ်ထိန်းခွင့်ကို တရားစီရင်ဆုံးဖြတ်ခြင်းမပြုရသေးသော ကလေး၏ မျိုးရိုးဗီဇနှင့် ကိုက်ညီသည့်မိဘ သို့မဟုတ် ကိုက်ညီနိုင်ခြေရှိသည်မိဘဖြစ်ကြောင်း ယူဆခံရသူ သို့မဟုတ် ယူဆသူကိုဆိုလိုပါသည်။ အသုံးအနှုန်းတွင် ကလေးနှင့်မျိုးရိုးဗီဇကိုက်ညီသည်ဟုယူဆရသည့်အဖေ နှင့် အမေပါဝင်ပြီးမိဘနှင့်သက်ဆိုင်သည့်အခွင့်အရေးများ ရပ်စဲခံထားရသည့် သို့မဟုတ် တည်ရှိခြင်းမရှိဟု ကြေငြာခံထားသည့် ကလေးအုပ်ထိန်းခွင့်ရရှိထားသည့်မိဘ သို့မဟုတ် အလှူရှင်တစ်ဦးတို့ မပါဝင်ပါ။

- "အကူအညီဖြင့်သို့မဟုတ် အငှားကိုယ်ဝန်ဆောင်၍ကလေးယူထားသည့်မိဘ" ဆိုသည်မှာ အကူအညီဖြင့် မျိုးပွားခြင်းသို့မဟုတ် အငှားကိုယ်ဝန်ဆောင်သဘောတူညီမှုတစ်ခုကိုပြုလုပ်ခြင်းမှ ရရှိလာသည့် ကလေး၏ မိဘအဖြစ် တရားဝင် သတ်မှတ်ခံရရန် ရည်ရွယ်ချက်ကို ထင်ရှားစွာပြသသော အိမ်ထောင်ပြုထားသည့်သူ သို့မဟုတ် အိမ်ထောင်မပြုထားသူ မည်သူကိုမဆို ဆိုလိုပါသည်။

- "ကလေးအုပ်ထိန်းခွင့်ရရှိထားသည့်မိဘ" ဆိုသည်မှာ တရားစီရင်ဆုံးဖြတ်မှုဆိုင်ရာလုပ်ငန်းစဉ်တွင် ငြင်းဆိုခြင်း သို့မဟုတ် အတည်ပြုခြင်းမပြုမီအထိ ကလေး၏မိဘအဖြစ် အသိအမှတ်ပြုခံရသူကို ဆိုသည်။ လူတစ်ယောက်သည် ကလေးတစ်ဦး၏ မိဘအဖြစ်အုပ်ထိန်းခွင့်ကို အောက်ပါအခြေအနေတွင် ရရှိပါမည်–

  a. လူတစ်ယောက်နှင့် ကလေးမွေးဖွားပေးနိုင်သည့် အမျိုးသမီးတစ်ယောက်တို့ အချင်းချင်းထိမ်းမြားလက်ထပ်ကြပြီး ပေါင်းသင်းနေထိုင်စဉ်တွင် ကလေးမွေးဖွားလာပါက သို့မဟုတ်

  b. လူတစ်ယောက်နှင့် ကလေးမွေးဖွားပေးနိုင်သည့် အမျိုးသမီးတစ်ယောက်တို့ အချင်းချင်းထိမ်းမြားလက်ထပ်ပေါင်းသင်းခဲ့ပြီး သေဆုံးခြင်း၊ ပယ်ဖျက်ခြင်း၊ ကွာရှင်းခြင်း၊ ပြိုကွဲခြင်း သို့မဟုတ် တရားမဝင်ကြောင်းကြေညာခြင်းဖြင့် အိမ်ထောင်ရေးကို ရပ်တန့်ကြပြီးနောက် ရက် 300 အတွင်း ကလေးမွေးဖွားလာပါက၊ သို့မဟုတ်

  c. လူတစ်ယောက်နှင့် ကလေးတစ်ယောက်မွေးဖွားထားသည့် လူတစ်ယောက်တို့ ကလေးမွေးဖွားပြီးနောက်ပိုင်း လက်ထပ်ပေါင်းသင်းခဲ့ပါက၊ လူတစ်ယာက်သည် မည်သည့်အချိန်တွင်မဆို  ကလေး၏မိဘအုပ်ထိန်းသူအဖြစ် ရဲရဲတင်းတင်းပြောဆိုခဲ့ပါက လူတစ်ယောက်သည် ကလေး၏မိဘဖြစ်ရန် သဘောတူညီပြီး ကလေး၏မွေးစာရင်းပေါ်တွင် နာမည်ရေးသွင်းပါက

  d. လူတစ်ယောက်သည် အိမ်တွင် ယာယီမရှိသည့်ကာလများအပါအဝင် ကလေး၏ပထမဆုံး အသက် နှစ်နှစ်တွင် ကလေးနှင့်အတူ တစ်အိမ်တည်းတွင်နေထိုင်ခဲ့ပါက၊ လူတစ်ယောက်နှင့် ကလေး၏အခြားသောမိဘတစ်ဦးသည် ကလေးကို အဆိုပါလူ၏ကလေးအဖြစ် ပွင့်ပွင့်လင်းလင်း အသိအမှတ်ပြုထားခဲ့ပါက

5. **မိဘအုပ်ထိန်းခွင့် ငြင်းပယ်ခြင်း ပြီးမြောက်ဆောင်ဖြည့်စွက်ခြင်းအတွက်လမ်းညွှန်ချက်များ**

☐ ကလေးအုပ်ထိန်းခွင့်ရရှိထားသည့် သို့မဟုတ် ကလေးနှင့်မျိုးရိုးဗီဇကိုက်ညီသည် ဟုယူဆရသည့်မိဘအနေဖြင့် DOPတွင်ပါဝင်သည့် ကြေညာချက်များအားလုံးကိုဖတ်ရှုပြီး အစပြုရမည်ဖြစ်ပါသည်။

☐ ကလေးအုပ်ထိန်းခွင့်ရရှိထားသည့် သို့မဟုတ် ကလေးနှင့်မျိုးရိုးဗီဇကိုက်ညီသည် ဟုယူဆရသည့်မိဘအနေဖြင့် သက်သေတစ်ဦးရှေ့တွင် DOP ကိုလက်မှတ်ရေးထိုးရမည်ဖြစ်ပြီး သက်သေသည် DOP ကို လက်မှတ်ရေးထိုးရမည်ဖြစ်သည်။

☐ ကလေးအုပ်ထိန်းခွင့်ရရှိထားသည့် သို့မဟုတ် ကလေးနှင့်မျိုးရိုးဗီဇကိုက်ညီသည် ဟုယူဆရသည့်မိဘအနေဖြင့် ပြီးပြည့်စုံအောင်ဖြည့်စွက်ထားသော DOP ကို အရှင်မွေးစာရင်းပေးပို့ခြင်းမပြုမီ ဆေးရုံသို့ တင်ပြနိုင်ပါသည်၊ သို့မဟုတ် အောက်တွင်ပေးထားသော အရေးကြီးမှတ်တမ်းများရုံးလိပ်စာသို့ တိုက်ရိုက်တင်ပြနိုင်ပါသည်–

အရေးကြီးမှတ်တမ်းများရုံး

ဗားမောင့် ကျန်းမာရေးဦးစီးဌာန
108 ချယ်ရီလမ်း၊ PO Box 70
Burlington၊ VT 05402-0070

**မိဘများအဖြစ် သင့်အခွင့်အရေးနှင့် တာဝန်ဝတ္တရားများကို နားလည်ခြင်းနှင့် ဤပုံစံကိုလက်မှတ်ရေးထိုးခြင်း၏ အကျိုးဆက်များနှင့် နောက်ဆက်တွဲများကို နားလည်ခြင်းတို့အတွက် အကူအညီလိုအပ်ပါက၊ ဖုန်းနံပါတ် 1-800-786-3214 ရှိ ဗားမောင့်ကလေးသူငယ်ထောက်ပံ့ကူညီပေးရေးရုံး သို့ ခေါ်ဆိုလိုက်ပါ။**